
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 171 - 190)
စာစဉ် – ၁၁

## စာစဉ် (၁၁)
## အခန်း (၁၇၁)

"မိုက်ရိုင်းလိုက်တာ"

"ဒါ သက်သက်စော်ကားနေတာပဲ"

"မောက်မာလိုက်တာ၊ ငါတို့ ချင်ပြည်နယ်ကလူတွေကို မင်းတို့စော်ကား ချင်တိုင်း စော်ကားလို့ရတယ် ထင်နေတာလား"

"ချင်ပြည်နယ် စခန့်ရှေ့ထိလာပြီး ပြဿနာရှာနေတာက တကယ်လွန်သွား ပြီ"

လူတိုင်း တားမရဆီးမရ ဒေါသပုန်ထလာကြသည်။

ဓောင်လင်းရှန်နှင့် ကျစ်ရှွင်းမင်းသမီးသည် ချင်ပြည်နယ်၏ အလှဘုရင်မ များဖြစ်ကြပြီး သိုင်းပညာရှင်ပေါင်းများစွာ၏ နတ်ဘုရားမများအလားပင်။ ယခု ဝေ့နိုင်ငံမှ လူများက သူတို့၏ နတ်ဘုရားမများကို စော်ကားပြောဆို လာသောအခါ ဆတ်ဆတ်ခါနာသွားကြသည်။

လူတိုင်းက သားကောင်ကို ခုန်အုပ်တော့မယ့်ကျားသစ်များနှယ် ဝေ့နိုင်ငံမှ လူများကို စိုက်ကြည့်လျက် လူသတ်အော်ရာများထုတ်လွှတ်ထားကြ၏။

"ဝေ့နိုင်ငံက လူတွေက ဒီလောက်ရိုင်းစိုင်းကြလိမ့်မယ်လို့ မထင်ထားခဲ့ဘူး"

စိတ်ခံစားချက်ကို ထိန်းချုပ်နိုင်စွမ်းမြင့်သောမင်းသား၄ သည်ပင် ဒေါသတ ကြီးဖြစ်လာသည်။

လောင်ကျင်းရှန် ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး....

"ဒီလိုပြောတာက များလွန်းပါတယ်၊ ငါတို့က ချင်ပြည်နယ်ရဲ့ ပါရမီရှင်တွေ

ကို မြင်ဖူးချင်လို့ပါ၊ သူတို့ဘယ်လိုကျင့်ကြံကြလဲ သိချင်လို့ လာလေ့လာတာကို အခုတော့ ပြဿနာရှာတယ်လို့ အပြောခံနေရပါလား၊ ငါကြားမိတာတော့ မင်းသား၄ရဲ့ ကျင့်ကြံရေးက သာမန်မဟုတ်ဘူးဆို၊ သာမန်မဟုတ်ဘူးဆိုတာ ဘယ်လိုမျိုးလဲ သိရအောင် လက်ရည်ချင်းယှဉ်ကြည့်ကြမလား"

"မင်းကိုယ်မင်းလည်း ပြန်ကြည့်ဦး မင်းသား ၄ကိုစိန်ခေါ်ဖို့ထိုက်တန်တယ်ထင်လို့လား"

"မင်းကိုယ်မင်းဘာထင်နေလဲ"

"ရယ်ရတယ် ဟမ့် "

ချင်ပြည်နယ်မှ လူငယ်များက လောင်ကျင်းရှန်၏ စိန်ခေါ်စကားကြောင့် ဒေါသတကြီး ဆဲရေးလာကြသည်။

သို့သော်လည်း မင်းသား၄ က တည်ငြိမ်စွာဖြင့် ရှေ့တိုးသွားလေ၏။

"မင်းသား၄၊ သူတို့ကိုလျစ်လျူရှုထားလိုက်ပါ"

တပ်မှူး ယွမ်ဟောင်က အလျင်အမြန် တားဆီးလိုက်သည်။ မင်းသား ၄သာ တစ်ခုခုဖြစ်သွားပါက အရှင်မင်းကြီးကသူ့ကို သေချာပေါက် ပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တော်ဝင်မျိုးနွယ် မင်းသား၄ကို အခြားလူများအားလုံးထက် ပို၍ အလေးထားကာကွယ်ရန် သူ့တွင်တာဝန်ရှိလေ၏။

ဝေ့နိုင်ငံမှ တပ်မှူးဖြစ်သူ ကုချင်းကလည်း ပြုံးလိုက်ပြီး ....

"ယွမ်ဟောင် မင်းက ချင်ပြည်နယ်က တော်ဝင်မင်းသားရဲ့ ဆန္ဒကိုတောင် တားဆီးပိတ်ပင်ရဲတယ်ပေါ့၊ ကြည့်ရတာ မင်းသား၄ ကို မကြောက်လို့လား၊ ဒါမှမဟုတ် ဝေ့နိုင်ငံရဲ့ သခင်လေးဆီမှာ ရှုံးသွားမှာကို စိုးရိမ်လို့လား"

"အမှန်ပဲ၊ မင်းသား၄ ကရော စိန်ခေါ်ပွဲကို လက်ခံဖို့ သတ္တိမရှိဘူးလား"

လောင်ကျင်းရှန်က ကချိန်ကိုက်ပင် ဝင်ရောက်ထွေ့ငေါ့ပြောဆိုလိုက်

လေ၏။
"ဟမ့် ငါလက်မခံဘူးလို့ ဘယ်သူပြောလဲ" မင်းသား၄ ရှေ့သို့ ဆက်တိုးသွားသည်။
"အစ်ကို ၄"
"မင်းသား၄"
လူအုပ်ကြီးက စိုးရိမ်တကြီး တားဆီးလိုက်ကြ၏။ ချင်ပြည်နယ်၏ တော်ဝင်မင်းသားတစ်ယောက်ကို အဆင့်အတန်းနိမ့်သော သူတစ်ယောက်နှင့် မည်သူကမျှ မယှဉ်ပြိုင်စေလိုကြပေ။
"မင်းသား၄အစား ကျွန်တော်တိုက်မယ်"
"ဟုတ်တယ် ဝေ့နိုင်ငံက ကောင်တွေကို ကောင်းကောင်းဆုံးမပေးရမယ်"
"ချင်ပြည်နယ်ကို ဒီလိုစော်ကားနေတာ သည်းမခံနိုင်တော့ဘူး"
လူအုပ်ကြီးက ဒေါသတရားများဖြင့်ပြည့်နှက်နေကြသည်။
တပ်မှူးယွမ်ဟောင်ကလည်း မင်းသား၄ ကိုတားဆီးရန် ရှေ့သို့ တိုးသွားသည်။
သို့သော် မင်းသား ၄က ခိုင်ကြည်စွာ မတ်တပ်ရပ်နေပြီး....
"တပ်မှူး ယွမ်ဟောင် တစ်ဖက်က စိန်ခေါ်လာမှတော့ ချင်ပြည်နယ်ရဲ့ မင်းသားတစ်ယောက်အနေနဲ့ဒါကို လျစ်လျူရှုထားလို့ မရဘူး၊ တစ်ခြားနိုင်ငံက လူတွေဟာ ချင်ပြည်နယ်ကို အထင်သေးသွားမှာမျိုး ကျုပ်မလိုလားဘူး"
မင်းသား၄ က တစ်လှမ်းချင်းရှေ့တိုးသွားသည်။
"ဟားဟား ချင်ပြည်နယ်ရဲ့ မင်းသား၄ က တကယ်သူရဲကောင်းစိတ်ဓာတ်ရှိတာပဲ၊ ငါလောင်ကျင်းရှန်က ချီးကျူးပါတယ်" လောင်ကျင်းရှန်က ရယ်မောနေခဲ့သည်။

ထိုအခိုက်အတန့်တွင် ချင်ပြည်နယ်စခန်းနှင့် မလှမ်းမကမ်း တစ်နေရာတွင် များစွာသောနောက်လိုက်များနှင့်အတူ ခန့်ညားသော ယောကျ်ားတစ်ယောက်၊ လှပသော မိန်းမတစ်ယောက်၊ မုတ်ဆိတ်ဖြူများရှိသောအဘိုးအို တစ်ယောက် က တိတ်ဆိတ်စွာ ရပ်နေကြ၏။

၎င်းတို့၏နေရာက လူအုပ်နှင့် အလှမ်းဝေးသဖြင့် မည်သူကမှ သတိမပြုမိကြပေ။

"မင်းသား၄ ကတကယ်စိတ်လှုပ်ရှားလွယ်တာပဲ၊ လွယ်လွယ်လေးနဲ့ စိန်ခေါ်ပွဲကို လက်ခံလိုက်တယ်"သံယပ်တောင်ကိုကိုင်ထားသော ခန့်ညားသည့် လူငယ်က ပြုံးရယ်လျက်ဆိုလာသည်။

"အရှင့်သား၊ မင်းသား၄က ချင်ပြည်နယ်ရဲ့ ထိပ်သီးပါရမီရှင်လို့ကြားတယ်၊ ဒီတစ်ခေါက်သွေးဝိညာဉ်ရေကန်မှာ စိမ်ဖို့ လိုက်လာတာထင်တယ်၊ အခု မင်းသား၄ရဲ့ တိုက်ခိုက်မှုကိုကြည့်ပြီး အရှင့်သားအနေနဲ့ ပြင်ဆင်စရာရှိတာကိုပြင်ဆင်ထားသင့်ပါတယ်"မိုးပြာရောင်သိုင်းဝတ်စုံကိုဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်၏ အသံကဘေးမှထွက်ပေါ်လာလေ၏။

"သူက ဘာများလုပ်နိုင်မှာလဲ၊ ဝေ့နိုင်ငံရဲ့ မင်းသားချောင်ဟွမ် ကို မယှဉ်နိုင်ပါဘူး၊ စောင့်ကြည့်နေကြ၊ လောင်ကျင်းရှန်က မင်းသား၄ကို အနိုင်ယူပြလိမ့်မယ်၊ အရှင့်သားဂရုစိုက်နေစရာမလိုပါဘူး"

ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဆွဲဆောင်မှုရှိလှသော ခန္ဓာကိုယ်နှင့် မိန်းကလေးတစ်ယောက်က ဝင်ရောက်ပြောဆိုလာသည်။

သူမ၏ သွယ်လျသော ခါးက မင်းသား ချောင်ဟွမ်၏ လက်ထဲတွင် အလိုက်သင့်ဖြစ်နေပြီး မောက်မာသည့်ဟန်ပန်များကမျက်လုံးထဲမှ ထွက်ပေါ်နေ၏။

"ငါထင်တာ မမှားဘူးဆိုရင် ဇောင်ဝေ့ရဲ့ နောက်က ထွက်လာတဲ့ လူတွေက

သွေးဝိညာဉ်ရေကန်မှာဝင်ခွင့်ရတဲ့သူတွေပဲ၊ အကုန်လုံးက ဆယ်ကျော်သက်လေးတွေပဲရှိဦးမယ်၊ မင်းသား ချောင်ဟွမ်ဂရုစိုက်စရာတောင်မလိုပါဘူး၊ ချင်ပြည်နယ်က အရမ်းကို အားနည်းလွန်းတယ်"
ချောင်ဟွမ်၏ ဘေးနားမှလူငယ်တစ်ယောက်က ခေါင်းကိုခါရမ်းလျက်ဆိုသည်။ သူ့မျက်နှာကဖြူဖျော့နေပြီး မျက်လုံးများက စူးရဲနေကြသဖြင့် ကြောက်မက်ဖွယ်အသွင်အပြင်ကို ဖြစ်ပေါ်စေသည်။
ချောင်ဟွမ်၏ ဘေးနားတွင်ယှဉ်ရပ်နေသည်ကို ကြည့်ခြင်းအားဖြင့် သူ၏ဇာစ်မြစ် က မင်းသား၃ချောင်ဟွမ်ထက်မနိမ့်ကြောင်း သိသာလေသည်။
ထိုသူက ချင်ပြည်နယ်၏ တပ်စခန်းကို အထက်သေးစက်ဆုပ်ဟန်ဖြင့်ကြည့်နေ၏။
"ငါလည်း ဒီကိစ္စကို သိချင်နေတာ၊ ကြည့်ရတာ ဒီတစ်ခေါက် သွေးဝိညာဉ်ရေကန်ကို ဝင်ရမယ့်သူတွေက ချင်ပြည်နယ် တန်ဇီကျောင်းဆင်းလေးတွေထင်တယ်၊ ဘုရင်ဇောင်ကွမ်က ဘာတွေကြံစည်နေလဲမသိဘူး၊ ဆယ်ကျော်သက် လေးတွေကို ငါးနိုင်ငံပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ လွှတ်လိုက်တယ်တဲ့၊ အသက်ကြီးလာလို့ ကောင်းကောင်းမဆုံးဖြတ်နိုင်တော့ဘူးထင်တယ် ဟားဟား"ဝေ့နိုင်ငံ၏ မင်းသား၃ချောင်ဟွမ်က ရယ်မောလိုက်သည်။
"ချင်ပြည်နယ်ရဲ့ ပါရမီရှင်တွေက တကယ်အားနည်းလွန်းတယ်၊ လောင်ကျင်းရှန်ကို ယှဉ်နိုင်မယ့်သူက နည်းနည်း ပဲရှိမှာ သေချာတယ်"
လူတိုင်းက တစ်ယောက်ပြီးတစ်ယောက် ဝေဖန်လျက် ချင်ပြည်နယ်စခန်းရှေ့မှ ရန်ပွဲကို ကြည့်နေကြသည်။
"လောင်ကျင်းရှန် မင်းက ချင်ပြည်နယ်ရဲ့ သိုင်းပညာရှင်တစ်ယောက်ကိုနာကျင်အောင်လုပ်ခဲ့တယ်၊ မင်းရဲ့အပြုအမူအတွက်ပြန်တောင်းပန်ပါမဟုတ်ရင် ငါ့အဆိုးမဆိုနဲ့" မင်းသား ၄က လောင်ကျင်းရှန်ကိုကြည့်ကာ

အေးစက်စက် ဆိုသည်။

မင်းသား ၄၏ စကား ကိုကြားသောအခါ ဝေ့နိုင်ငံမှ လူတိုင်းကဟက်ဟက်ပက်ပက်ပင်ရယ်မောလိုက်ကြသည်။

လောင်ကျင်းရှန်၏ ရည်ရွယ်ချက်မှာ ချင်ပြည်နယ်မှ ပါရမီရှင်များကို ဒေါသထွက်အောင်လုပ်ရန်ဖြစ်သည်။သို့သော်ယခု မင်းသား ၄က တောင်းပန်ပါဟုဆိုလာသည်။

"မင်းသား၄ မင်းငါ့ကို ရိုက်နိုင်ရင် ငါ့ဘက်ကချွင်းချက်မရှိတောင်းပန်နိုင်တယ်၊ ဒါပေမယ့် မင်းက ငါ့ပြိုင်ဘက်တောင်ဟုတ်ရဲ့လားမသိတာ ငါကဘာလို့ တောင်းပန်ရမှာလဲ၊ စွမ်းအားကြီးသူတွေက အားနည်းတဲ့သူတွေကိုဘယ်တော့မှမတောင်းပန်ဘူးကွ"

"အမှန်ပဲ"

"ဟုတ်တယ် ဒီကမ္ဘာမှာ အားနည်းတဲ့သူကပဲ အမြဲတောင်းပန်ရမှာ"

ဝေ့နိုင်ငံမှ လူငယ်များက တစ်ယောက်တစ်ပေါက် ဝင်ရောက်အော်ဟစ်လိုက်ကြ၏။

မင်းသား၄က လောင်ကျင်းရှန်ကို စိုက်ကြည့်လိုက်ပြီး ....

" ကောင်းပြီ မင်းကတိုက်ခိုက်ချင်တယ်ဆိုမှတော့ ဆန္ဒကိုဖြည့်ဆည်းပေးရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် မင်းရှုံးသွားရင် ချင်ပြည်နယ်ကိုစော်ကား ပြောဆိုခဲ့တာတွေအတွက် ဒူးထောက်တောင်းပန်ရမယ်"

"ဟားဟား ရတယ်လေ ဒူးထောက်ရုံသာမကဘူး ငါ့မှာရှိတဲ့အရာတွေအကုန်လုံးပါ ပေးလိုက်မယ်၊ ဒါပေမယ့် သိလား မင်းက ငါ့ကိုလုံးဝအနိုင်ယူနိုင်မှာမဟုတ်ဘူး"

တစ်ချိန်တည်းမှာပင် လောင်ကျင်းရှန်က လက်များကို ရုတ်ခြည်း လှုပ်ရှားလိုက်သည်။ ပြင်းထန်သော လေလှိုင်းများက ခန္ဓာကိုယ်ထဲမှ ထွက်ပေါ်လာ

ပြီး လက်ဖဝါးနှစ်ဖက်လုံးက ချက်ချင်း နီရဲလာကာ
လက်ဖဝါးထက်တွင် မီးခိုးငွေ့များဖြင့် ပြည့်နေပြီး လေထုက ချက်ချင်း လောင်ကျွမ်းသွားသည်။
ပြင်းထန်သောအပူချိန်က ပတ်ဝန်းကျင် တစ်ခုလုံးက လွှမ်းခြုံပစ်လိုက်ပြီး.....
"ကမ္ဘာမြေ လောင်ကျွမ်းခြင်း"
ကျယ်လောင်သောအော်သံနှင့်အတူ အပူလှိုင်းများက မင်းသား၄ ဆီသို့ ပြေးဝင်သွားသည်။
လောင်ကျင်းရှန်၏ ကျင့်ကြံရေးနည်းလမ်းက နက်နဲသိမ်မွေ့အဆင့် အနိမ့်ပိုင်း လောင်ကျွမ်းခြင်းနည်းလမ်းဖြစ်ပြီး အထွတ်အထိပ် ရောက်အောင်ကျင့်ကြံနိုင်ပါက သာမန်သိုင်းပညာရှင်များမခုခံနိုင်ကြပေ။
တခဏအတွင်းမှာပင် စခန်းတစ်ခုလုံး၏ အပူချိန်က ဒီဂရီပေါင်းများစွာအထိ ချက်ချင်းထိုးတက်သွားသည်။

***

## စာစဉ် (၁၁)
## အခန်း (၁၇၂)

"ဒါက ကမ္ဘာမြေ လောင်ကျွမ်း စွမ်းအားပဲ"

"လောင်ကျင်းရှန်က ခွန်အားကုန်ထုတ်သုံးပြီး တိုက်ခိုက်နေတာ၊ မင်းသား၄ ခုခံနိုင်မယ်မထင်ဘူး"

"တကယ်တော့မင်းသား၄ကို အနိုင်ရဖို့ လောင်ကျင်းရှန်က အဲ့လောက်ထိ ခွန်အားသုံးစရာမလိုပါဘူးကွာ"

ဝေ့နိုင်ငံမှလူများက ဝမ်းသာအားရပြောဆိုနေကြသည်။ လောင်ကျင်းရှန်၏ ကမ္ဘာမြေ လောင်ကျွမ်းခြင်းတိုက်ကွက် မည်မျှအထိ ပြင်းထန်ကြောင်း သူတို့အားလုံး အသေအချာသိထားကြသည်။

မြေကမ္ဘာနောက်ဆုံးအဆင့်အထွတ်အထိပ်သိုင်းပညာရှင်များပင် ထိုတိုက်ကွက်ကြောင့် သေဆုံးသွားခဲ့ကြသည်။

ချင်ပြည်နယ်မှ သိုင်းပညာရှင်များကလည်းလောင်ကျင်းရှန်၏ ပြင်းထန်သော ခွန်အားကြောင့် မျက်နှာများက ခက်ထန်သွားကြသည်။

သို့သော် လောင်ကျင်းရှန်၏ လက်ဝါးချက်များက မင်းသား၄ဖောင်ဝေ့ကို ပိုင်းဖြတ်ပစ်တော့မည့်အချိန်တွင် ဖောင်ဝေ့က အရိပ်တစ်ခုအလား ရပ်နေသောနေရာမှ ပျောက်ကွယ်သွားကာ လောင်ကျင်းရှန်၏ တိုက်ခိုက်မှုအား အလွယ်တကူရှောင်ရှား၍ ဘေးနားသို့ ချက်ချင်းရောက်ရှိသွားလေ၏။

"မြန်လိုက်တာ"

မင်းသား၄၏ မြန်ဆန်သောရွေ့လျားမှုများက လူတိုင်းကိုထိတ်လန့်သွား

စေသည်။
လောင်ကျင်းရှန်သည် မင်းသား၄ က သူ့တိုက်ကွက်အား အလွယ်တကူ ရှောင်ရှား၍ အနားသို့ရောက်ရှိလာသောအခါ အနည်းငယ် အံသြသွားဟန် ဖြင့်....
"ဟမ့် ရှောင်နိုင်တယ်ပေ့ါ၊ လောင်းကျွမ်းခြင်း သွေးမျိုးဆက် ပေါက်ကွဲ စမ်း"
"ဘန်း"
မီးတောင် တစ်ခုပေါက်ကွဲလာသည့်နှယ် အနီရောင်အလင်းတန်းပေါင်းများ စွာက လောင်ကျင်းရှန်၏ ခန္ဓာကိုယ်မှရုတ်တရက်ထွက်ပေါ်လာလေ၏။ ပြင်းထန်သော စွမ်းအင်က မင်းသား၄ ကို ဝါးမျိုသွားပြီး လူတိုင်းက မင်းသား ၄ ကို မမြင်ကြရတော့ပေ။
"မကောင်းတော့ဘူး"
လူတိုင်းက ထိတ်လန့်ကုန်ကြသည်။
သို့သော်လည်း....
"ပြိုကွဲစမ်း"
အေးစက်သောအော်ဟစ်သံနှင့်အတူ လောင်ကျင်းရှန်၏ မီးတောက် စွမ်းအင်များက ချက်ချင်းပြိုကွဲထွက်သွားကာ မင်းသား ၄ သည် ဒုံးပျံတစ် စင်းအာလား ထွက်ပေါ်လာပြီး လောင်ကျင်းရှန်၏ ခန္ဓာကိုယ်ဆီသို့ လက်ဝါး ချက်နှစ်ချက်ကို တိုက်ရိုက်ပစ်သွင်းလိုက်လေ၏။
"ဘုန်း.. ဘုန်း"
သိသာထင်ရှားသော လက်ဝါးရာများက ရင်ဘတ်ပေါ်တွင်ထင်ကျန်သွားပြီး လောင်ကျင်းရှန် ဝေ့ါခနဲ သွေးများအန်ထုတ်လိုက်ရသည်။
မင်းသား၄က ရပ်တန့်ခြင်းမရှိသေးဘဲ ဆက်တိုက် လက်ဝါးချက်များထပ်မံ

ရိုက်ထုတ်လိုက်လေ၏။
ယခုတွင် လောင်ကျင်းရှန်၏မျက်နှာထက်မှ လှောင်ပြောင်သရော်မှုများက ပျောက်ခြင်းမလှပျောက်ကွယ်သွားပြီး ကြောက်ရွံ့မှုများကသာ အစားထိုးဝင်ရောက်လာလေ၏။ သူ၏ လက်ဖဝါးဖြင့် မီးတောက်အကာအရံတစ်ခုကို အသည်းအသန် ဖန်တီးလိုက်ပြီး မင်းသား၄၏ တိုက်ခိုက်မှုကို ခုခံလိုက်သည်။
"ဟ..ဟ" ဇောင်ဝေ့က ရယ်မောလိုက်သည်။
သူ၏ ညာဘက်လက်အား ချီစွမ်းအင်များကို ထပ်မံဖြည့်သွင်း၍ လောင်ကျင်းရှန်၏ ခုခံမှုကို ထိုးဖောက်လိုက်ကာ ပါးကိုရိုက်ချလိုက်လေသည်။
"ဖြောင်း"
လောင်ကျင်းရှန်၏မျက်လုံးတစ်ခုလုံးက လည်ထွက်သွားပြီး လက်ဝါးပြင်းအားကြောင့် မြေပြင်ပေါ် "ဖုန်း ခနဲ" လွင့်ထွက်သွားလေ၏။ သူ၏ ပါးစပ်မှ သွေးများနှင့်အတူ သွား၈ ချောင်းခန့်က ကျွတ်ပါလာကာ ပါးပြင်ပေါ်တွင်လည်း လက်ဝါးရာကြီးက ထင်းနေလေ၏။
ချက်ချင်းပင် ပါးတစ်ဖက်က ဖူးယောင်ကိုင်းလာလေ၏။
ဝေ့နိုင်ငံမှပါရမီရှင်လူငယ်များ၏ အပြုံးများက ချက်ချင်း ပျောက်ကွယ်သွားကြသည်။
တစ်ယောက်ပြီးတစ်ယောက်ထိတ်လန့်တကြားဖြစ်နေပြီး ကိုယ့်မျက်လုံးကိုယ်ပင်မယုံနိုင်သည့်အလား မျက်လုံးများ ပြူးကျယ်နေကြ၏။
မင်းသား၄က လောင်ကျင်းရှန်ကို သနားညှာတာပေးရန် တောင်းပန်ရလိမ့်မည်ဟု ထင်ထားခဲ့ကြသော်လည်း ယခု လောင်ကျင်းရှန်က မင်းသား၄ကို အပြတ်အသတ် ရှုံးနိမ့်သွားခဲ့သည်။ ထိုမျှမက အဖြစ်အပျက် များက မြန်ဆန်လွန်းလှသဖြင့် လောင်ကျင်းရှန်က မည်ကဲ့သို့ ရှုံးနိမ့်သွား ရသည်ကို

ပင် သေချာမသိလိုက်ကြရပေ။
မင်းသား ၄ဧောင်ဝေ့၏ ခွန်အားက ပြင်းထန်လွန်းလှသည်။
"သူ့ ခွန်အားက လျှော့တွက်လို့မရဘူးပဲ"
ချင်းချန်၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။ မင်းသား၄၏ အခြေခံကျင့်ကြံရေးက မြေကမ္ဘာနောက်ဆုံးအထွတ်အထိပ်တွင်သာရှိသော်လည်း ခွန်အားနှင့် အမြန်နှုန်းက သာမန်မဟုတ်ချေ။ ကောင်းကင်အဆင့်အစောပိုင်း စွမ်းအားရှင်ပင် တိုက်ခိုက်နိုင်စွမ်းရှိသဖြင့်လောင်ကျင်းရှန်က မင်းသား၄ကို စိန်ခေါ်ခဲ့သည်မှာ ရှက်ရွံ့ဖွယ်အတိဖြစ်နေလေသည်။
"လောင်ကျင်းရှန် မင်းရဲ့ကတိကို သက်သေပြရမယ့်အချိန်ပဲ" မင်းသား၄ က ခေါင်းမော့၍ ဆို၏။
"မင်း "
လောင်ကျင်းရှန်က မျက်နှာတစ်ဝက်ကိုလက်ဝါးနှင့်အုပ်ထားကာယခုအချိန်ထိ သူရှုံးနိမ့်သွားရခြင်းအကြောင်းကို မယုံကြည်နိုင်သေးပေ။
"ဒူးထောက်ပြီး တောင်းပန်"
မင်းသား၄က အေးစက်စွာဖြင့် ထပ်မံပြောဆိုလာခဲ့သည်။
"ဟုတ်တယ်၊ ခုနက ရှုံးရင် ဒူးထောက်တောင်းပန်မယ်လို့ ပြောခဲ့တာဘယ်သူပါလိမ့်"
"လူတွေက ကိုယ်ပြောတာကိုယ်ချက်ချင်းမေ့ပစ်လိုက်ကြတာပဲ"
"အခုချက်ချင်း မတောင်းပန်သေးဘူးလား၊ ကြည့်ရတာ ဝေ့နိုင်ငံလူတွေက ကိုယ့်စကားကိုယ်တာဝန်မယူတတ်ကြဘူးထင်တယ်" ချင်ပြည်နယ်မှ ပါရမီရှင်များက ရယ်မောလှောင်ပြောင်လိုက်ကြသည်။
လောင်ကျင်းရှန်နှင့် တိုက်ခိုက်ခဲ့သော ကျန်းကျူံးက ရှေ့တက်လာသည်။
" ဒူးထောက်ပြီး ငါ့ကိုတောင်းပန်"

"ငါ "

လောင်ကျင်းရှန်၏ မျက်လုံးများက ခက်ထန်နေကြသည်။ မည်သို့ပင်ဆိုစေ ကာမူ ဒူးထောက်ပြီး တောင်းပန်ရန်မှာ မဖြစ်နိုင်ပါချေ။

၎င်းက ဝေ့နိုင်ငံ၏ မျက်နှာကို သူ့လက်ဖြင့် အိုးမည်းသုတ်လိုက်သကဲ့ဖြစ်ပြီး အနာဂတ်တွင် ဝေ့နိုင်ငံမှလူများကို မျက်နှာချင်းဆိုင်ရဲတော့မည်မဟုတ်ပေ။

"မင်း မတောင်းပန်သေးဘူးလား လုပ်တုန်းကလုပ်ပြီး အခုမှကြောက်နေ တာလား"

ကျန်းကျုံး၏မျက်နှာက အေးစက်နေပြီး လောင်ကျင်းရှန်၏ နောက်ကျော ဘက်သို့ လျှောက်သွားလိုက်၏။

"မင်းကိုယ့်ဘာသာကိုယ်မလုပ်ဘူးဆိုရင် ငါကိုယ်တိုင် ဒူးထောက်အောင် လုပ်ပေးရမလား"

"ရပ်စမ်း"

ကုချင်းက ဆက်လက်သည်းမခံနိုင်တော့ဘဲ ရှေ့တိုးလာကာ မျက်နှာတစ်ခု လုံးကလည်း ခက်ထန်ကြမ်းကြုတ်လျက်အုံ့မှိုင်းနေလေ၏။

"ကုချင်း ဒါက ကလေးတွေကြားထဲကိစ္စပဲ၊ တပ်မှူးတွေက ဝင်ပါသင့်ရဲ့ လား" တပ်မှူးယွမ်ဟောင်က ကုချင်းကိုတားဆီးလိုက်သည်။

"ယွမ်ဟောင် မင်းက ငါ့ကိုတားနိုင်မယ်ထင်လို့လား"

ကုချင်း၏မျက်နှာက အုံ့မှိုင်းနေပြီး စစ်မှန်သောချီစွမ်းအင်လှိုင်းများကို ထုတ်လွှတ်လာ၏။

ကြောက်မက်ဖွယ်အရှိန်အဝါများက ပတ်ဝန်းကျင် တစ်ခုလုံး လွှမ်းခြုံ သွား ပြီး လူတိုင်း၏ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားကြသည်။ ချင်းချန်တစ် ယောက်သာလျှင် လှုပ်ရှားမှု မရှိဘဲ အေးအေးလူလူ ရပ်နေနိုင်လေ၏။

"ဟမ့်… ချင်ပြည်နယ်ကို လာပြီး စော်ကားတယ်၊ ရှုံးသွားတော့ အရှုံးကို ဝန်

မခံဘဲ ရှောင်ပြေးချင်နေသေးတယ်ပေါ့ အရှက်ကင်းမဲ့လိုက်တာ"

ရုတ်တရက် အေးစက်သောအသံတစ်ခုက ထွက်ပေါ်လာပြီး ကြောက်မက်ဖွယ်အော်ရာများက ကုချင်း၏ အော်ရာများကို ဖိနှိပ်ထားလိုက်သည်။

ပြင်းထန်လွန်းသောအော်ရာများကြောင့် ယခုနက ထောင်လွှားနေခဲ့သော ကုချင်းသည် ပင်လယ်ထဲမှ လှေငယ်တစ်စင်းအလား ရုတ်ခြည်း အားနည်းသွားလေ၏။

"လင်းဝူဘုရင်ပဲ"

"သခင်ရှောင်ကျန့်"

စခန်းထဲမှ ထွက်လာသောသူကိုမြင်သောအခါ ချင်ပြည်နယ်မှလူများက လေးစားစွာအရိုအသေပေးလိုက်ကြသည်။

သိုင်းဘုရင်ရှောင်ကျန့်သည် သူတို့၏စိတ်ထဲတွင် စစ်နတ်ဘုရားတစ်ပါးနှယ် ခွန်အားကြီးမားလှသည်။

"ရှောင်ကျန့်"

ကုချင်း၏ မျက်လုံးများက ပြူးကျယ်သွားသည်။ ကြောင်ကိုမြင်လိုက်ရသော ကြွက်ငယ်တစ်ကောင်အလား ကုချင်း၏မောက်မာရိုင်းစိုင်းသောအမူအရာများက ချက်ချင်းပျောက်ကွယ်သွားလေ၏။

ဝေ့နိုင်ငံနှင့် ချင်ပြည်နယ်က တစ်နှစ်ပတ်လုံးတိုက်ခိုက်နေကြသည်ဖြစ်ရာ ကုချင်းက ရှောင်ကျန့်ကို မသိစရာအကြောင်းမရှိပါချေ။ ရှောင်ကျန့်သည် ဖုန်မှုန့်များကို မှုတ်ထုတ်ရသည့်အလား သူ့ကို အလွယ်တကူသတ်ပစ်နိုင်ကြောင်း အသေအချာသိရှိထားလေ၏။

"ရှောင်ကျန့် ခင်ဗျားက ဝေ့နိုင်ငံနဲ့ ချင်ပြည်နယ်ကို စစ်ပွဲဖြစ်စေချင်နေတာလား"

တပ်မှူးကုချင်းက အေးစက်စက် ဆိုသည်။

"ငါကလား"

ရှောင်ကျန့်က ကုချင်းကို မျက်လုံးထဲတွင်ပင် မရှိသကဲ့သို့ ခေါင်းကိုစောင့်ငဲ့ကြည့်သည်။

ဤအမူအရာက လှောင်ပြောင်နေသည့်အလား ကုချင်းကို ပို၍ဒေါသထွက်လာစေလေ၏။

"နိုင်ငံနှစ်နိုင်ငံ စစ်ဖြစ်ရင်တောင် မင်းကို မိနစ်ပိုင်းအတွင်းသတ်ပစ်လိုက်လို့ရတယ်"

ရှောင်ကျန့်က လောင်ကျင်းရှန်ကို ကြည့်လိုက်ပြီး ....

"အသက်ရှင်ချင်တယ်ဆိုရင် ဒူးထောက်ပြီး တောင်းပန်၊ မဟုတ်လို့ကတော့ ငါ့အဆိုးမဆိုနဲ့"

ရှောင်ကျန့်က စကားအနည်းငယ်ပြောလိုက်ရုံဖြင့် လောင်ကျင်းရှန်မှာ နဖူးမှ ချွေးတဒီးဒီး စီးကျလာသည်။

"ဒုန်း"

ထို့နောက် ချက်ချင်း ဒူးထောက်ချလိုက်ကာ မျက်နှာက ဖြူရော်နေပြီး ကြောက်ရွံ့စွာဖြင့် အထစ်ထစ် အအပြောလာ၏။

"ငါ ငါတောင်းပန်တယ်"

လောင်ကျင်းရှန်က အော်ငိုချင်နေခဲ့သည်။

ချင်ပြည်နယ်မှ ပါရမီရှင်များကို ထေ့ငေါ့လှောင်ပြောင်ရန် လာခဲ့သော်လည်း မမျှော်လင့်ထားစွာပင် သိုင်းဘုရင်နှင့်ထိပ်တိုက်တွေ့နေလေ၏။

တပ်မှူးကုချင်းသည်ပင် သူ့အခြေအနေကို ကယ်တင် နိုင်စွမ်းမရှိပေ။

"နောက်တစ်ခါ ချင်ပြည်နယ်စခန်းရှေ့မှာ မထီမဲ့မြင် လာလုပ်ရဲရင် တစ်ခါတည်း အသေသတ်ပစ်မယ် သွားကြတော့"

ဝေ့နိုင်ငံမှ သိုင်းပညာရှင်များအားလုံးက ခေါင်းကိုငုံ့ထားကြ၏။

ကုချင်းက အံတင်းတင်းကြိတ်လိုက်ပြီး ဝေ့နိုင်ငံမှလူများကိုခေါ်ကာ ထွက်ခွာသွားလေသည်။

"နေဦး"

ကျန်းကျုံးက လောင်ကျင်းရှန်ကို တားဆီးလိုက်ပြီး ရှေ့တိုးသွားသည်။

ထိုနောက် လောင်ကျင်းရှန်၏တင်ပါးကို ပြင်းထန်စွာဆောင့်ကန်လိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

" မင်း ..ခွေးသား" ဝေ့နိုင်ငံမှ သိုင်းပညာရှင်များအားလုံး ဒေါသထွက်စွာ တိုက်ခိုက်ရန်ပြင်လိုက်ကြလေ၏။

"ရပ်လိုက်.. သွားကျမယ်" ကုချင်း အကုန်လုံးကိုတားဆီးကာ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်၍ လှည့်ထွက်သွားသည်။

***